အောက်တိုဘာလ 7 ရက်၊ 2024

# အောက်တိုဘာလ 7-11 ရက်အတွင်း ဂုဏ်ပြုပျော်ရွှင်ပွဲများနှင့်အတူ Georgia မူကြိုတန်း (Pre-K) ရက်သတ္တပတ်အား ကျင်းပဆင်နွှဲမည့် DCSD

*ခရိုင်သည် မူကြိုတန်း (Pre-K) ပညာရေးအား ထောက်ပံ့ပေးလျက်ရှိသည့် အကြီးမားဆုံး ပြည်နယ်အတွင်း ထောက်ပံ့သူ ဖြစ်ပါသည်။*

DeKalb ကောင်တီကျောင်းခရိုင် (*DCSD*) သည် Georgia အတွင်း Pre-K တန်း ပညာရေးအား ထောက်ပံ့ပေးသည့် အကြီးမားဆုံး အစိုးရ ထောက်ပံ့သူတစ်ဦး ဖြစ်သည်နှင့်အညီ အောက်တိုဘာလ 7 ရက်မှ 11 ရက်အတွင်း စီစဉ်ကျင်းပမည့် *Georgia မူကြိုတန်း (Pre-K) ရက်သတ္တပတ်* အတွက် အလွန်ပင် စိတ်လှုပ်ရှားမိပါသည်။ DCSD အနေနှင့် ဤအထူးရက်သတ္တပတ်အတောအတွင်းတွင် ကျွန်ုပ်တို့ Pre-K တန်း ပညာရေးဝန်ထမ်းများ၏ မရှိမဖြစ် အရေးပါလှသော လုပ်ငန်းတာဝန်များအား အထူးမြင်သာမှုရှိစေရန်အလို့ငှာ Georgia အစောပိုင်း စောင့်ရှောက်မှုနှင့် သင်ယူလေ့လာမှုဆိုင်ရာဌာန (Department of Early Care and Learning) နှင့် ပြည်နယ်တစ်ဝှမ်းမှ ကျောင်းခရိုင်များတို့နှင့်အတူ ပါဝင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

DeKalb ကောင်တီမှ ပြည်နယ် ဥပဒေပြုအမတ်များသည်လည်း DCSD ၏ အထူးကြီးကြပ်သူဌာနမှူး Dr. Devon Q. Horton နှင့် အခြား အများအပြားသော ခရိုင်ခေါင်းဆောင်မှုအပိုင်းမှ အဖွဲ့ဝင်များတို့နှင့်အတူ ပူးပေါင်းကာ DCSD ၏ Pre-K ကျောင်းသားများထံ စာဖတ်ပြခြင်းအားဖြင့် ဤရက်သတ္တပတ်အား အချိန်ကုန်ဆုံးသွားမည် ဖြစ်ပါသည်။ DCSD သည် Georgia ၏ Pre-K ရက်သတ္တပတ် ဆင်နွှဲမှုအား ရိုက်ကူးထားသည့် ဗီဒီယို တစ်ခုအားလည်း ထုတ်ဝေပေးမည်ဖြစ်ကာ ဤအထူးရက်သတ္တပတ်အား ဆင်နွှဲကျင်းပသည့်အနေနှင့် ကြေညာချက် တစ်ခုအား ဖတ်ပြသွားမည် ဖြစ်ပါသည်။

"ကျွန်ုပ်တို့ရဲ့ ကလေးငယ်လေးတွေအပါအဝင် ကလေးတိုင်းဟာဆိုရင် အရည်အသွေးပြည့်မီတဲ့ ပညာရေးကို ရရှိဖို့အတွက် ထိုက်တန်ပါတယ်၊ ဒါ့အပြင် ကျွန်ုပ်တို့ရဲ့ ခရိုင်ဟာဆိုရင် ကျွန်ုပ်တို့ရဲ့ Pre-K တန်း ကျောင်းသားအတွက် ဒီအရာကို ကမ်းလှမ်းထောက်ပံ့ပေးနိုင်တဲ့အတွက် ဂုဏ်ယူမိပါတယ်၊" ဟု Dr. Horton မှ ဆိုသည်။ "ကျွန်ုပ်တို့ရဲ့ ပန်းတိုင်နဲ့ တာဝန်ခံယူချက်ကတော့ ကျွန်ုပ်တို့ ကျောင်းသားတွေ အားလုံးအတွက် အလုံးစုံပါဝင်ပြီး သင့်တင့်တဲ့ ပညာရေးကို ကမ်းလှမ်းထောက်ပံ့ပေးနိုင်ဖို့ရယ်၊ ဒါ့အပြင် ကျွန်ုပ်တို့ရဲ့ ကလေးငယ်လေးတွေအတွက် သူတို့ရဲ့ ကာယပိုင်း၊ အပြုအမူပိုင်းနဲ့ သိမြင်ဆက်စပ်နိုင်စွမ်း ဖွံ့ ဖြိုးတိုးတက်မှုတွေကို မြှင့်တင်ပေးနိုင်မယ့် အစီအစဉ်များ ထောက်ပံ့ပေးသွားနိုင်ဖို့ပဲ ဖြစ်ပါတယ်။"

*Georgia ၏ မူကြိုတန်း (Pre-K) ရက်သတ္တပတ်* သည် ရန်ပုံငွေ ပြဿနာများကြောင့်ငှာ Georgia ဥပဒေပြုလွှတ်တော်အဖွဲ့ မှ ဤအစီအစဉ်များအား ဖြတ်တောက်ပစ်လုမည့်ဆဲဆဲ 2009-2010 စီးပွားကပ်ကာလအား တုံ့ပြန်သည့်အနေနှင့်ငှာ စတင်စီစဉ်ကျင်းပခဲ့ခြင်း ဖြစ်သည်။ ထိုအချိန်ကတည်းကစတင်၍ Georgia ကလေးများ၏ အသံများ(Voices for Georgia's Children) အဖွဲ့အစည်း နှင့် Georgia အစောပိုင်း စောင့်ရှောက်မှုနှင့် သင်ယူလေ့လာမှုဌာန (Department of Early Care and Learning) တို့သည် Georgia ၏ Pre-K တန်း အစီအစဉ်အတွက် ရက်သတ္တပတ်ကြာမြင့်သည့် ဂုဏ်ပြုဆင်နွှဲမှုအား နှစ်စဉ် စီစဉ်ကျင်းပခဲ့ခြင်း ဖြစ်သည်။

*Georgia မူကြိုတန်း (Pre-K) ရက်သတ္တပတ်* သည် ပြည်နယ်တစ်ဝှမ်းမှ ဥပဒေထုတ်ပြန်သူများနှင့် ခေါင်းဆောင်များတို့အား ၎င်းတို့၏ ဒေသခံ ရပ်ရွာအဖွဲ့အစည်းအတွင်းရှိ Pre-K တန်းများသို့ သွားရောက်လည်ပတ်စေပြီး၊ ကျောင်းသားများထံ ကလေးစာအုပ်တစ်အုပ် ဖတ်ပြစေကာ အစောပိုင်း ပညာရေးတွင် လက်ဦး ပါဝင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းတစ်ခုအား ထောက်ပံ့ပေးခြင်း ဖြစ်သည်။